စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
ဝါနှင့်လျော်မျှင်ထွက်သီးနှံ ဌာနခွဲ
လွန်ကျော်ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ

ဝါသီးနှံစိုက်ပျိုးထုတ်လုပ်ရေးတွင် ပေါင်းသတ်ဆေးတွဲဖက်၍ ပေါင်းနှိမ်နင်းခြင်း၏ ဝါထွက်နှုန်းအပေါ်အကျိုးသက်ရောက်မှုကိုလေ့လာစမ်းသပ်ခြင်း

ဒါလီသင်း

အလုပ်သင်နေ့စား

လွန်ကျော်ခြံ

နိဒါန်း

- ဝါပင်ကြီးထွားမှုသဘာဝသည် အပင်ငယ်စဉ် - အပင်ပေါက်ပြီး ၁ လမှ ၂လအတွင်း မြစ်စဉ်စုအား ကြီးထွားမှုမြန်ပြီး အပင်ပိုင်းကြီးထွားမှုနှေး - ပေါင်းမြက်မအုပ်မိစေရန် ပင်ငယ်ပေါင်း ကာကွယ်နှိမ်နင်းရန် အထူးလိုအပ်
- ပေါင်းမြက်ကို စနစ်တကျ ကာကွယ်နှိမ်နင်း- အထွက်နှုန်း ၃၄.၈% တိုးတက်နိုင်

(DOA, 2015)

- ဝါသီးနှံစိုက်ပျိုးထုတ်လုပ်ရေးတွင် ပေါင်းမြက်ကြောင့်အထွက်နှုန်းဆုံးရှုံးမှု (၃၅.၆-၈၉.၁ %) တွေ့ရှိ

(Khin Mar Oo, 2002)

- ပေါင်းမြက်များရှိနေပါက ပိုးမွှားကျရောက်မှုများ - ဝါထွက်နှုန်းကျဆင်း
- ဝါထွက်နှုန်းမြင့်မားရန် ဝါသီးမကွဲခင်ထိ ပေါင်းမြက်ကင်းရှင်းရန်လိုအပ်

- ပေါင်းပင်- ပင်ပိုင်းဆိုင်ရာကြီးထွားမှုလျှင်မြန်
- အစေ့၊ ဥ၊ အမြစ်၊ ပင်ပိုင်း မှ ပွားများနိုင်
- မျိုးစေ့များစွာထုတ်နိုင်
- မည်သည့်ပတ်ဝန်းကျင် အခြေအနေမှာမဆို ကောင်းစွာရှင်သန်
- အခြေအနေ မပေးပါက ခေတ္တငုတ်လျှိုးနိုင်သော အခြေအနေရှိ (Dormancy period)
- သီးနှံပင်များနှင့် နှိုင်းယှဉ်ပါက အလင်းရောင်၊ ရေ၊ အစာအာဟာရကို ပိုမိုစုပ်ယူနိုင်စွမ်းရှိ



ရည်ရွယ်ချက်

- ✓ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်ရေးတွင် ပေါင်းသတ်ဆေးနှင့် တွဲဖက်၍ ပေါင်းနှိမ်နင်းခြင်း၏ ဝါထွက်နှုန်းအပေါ် အကျိုးသက်ရောက်မှုအား သိရှိရန်
- ✓ ကုန်ကျစရိတ်သက်သာပြီး ဝါစိုက်တောင်သူများအတွက် အကျိုးအမြတ် အများဆုံး ရရှိစေရန်





စမ်းသပ်ကွက်လုပ်ကိုင်ဆောင်ရွက်နည်း

(၁) ဆောင်ရွက်ခဲ့သည့်ရာသီ – (၂၀၁၉-၂၀၂၀) ခုနှစ် မိုးကြိုရာသီ

(၂) ဆောင်ရွက်ခဲ့သည့်ဒေသ – ဝါသီးနှံသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ (လွန်ကျော်)၊ ကျောက်ဆည်မြို့

(၃) စမ်းသပ်သည့်အကြိမ် – ပထမ

(၄) စမ်းသပ်ကွက်ပုံစံ – ၆ မျိုး x ၃လီ

(Randomized Complete Design- RCB)

(၅) စိုက်တန်းစိုက်ကျင်းအကွာအဝေး – ၃ပေ x ၂.၅ပေ (၂)ပင်ချန်

(၆) အသုံးပြုသည့်ဝါမျိုး – ရွှေတောင် (၈)

စမ်းသပ်ချက်များ

T_1 = control

T_2 = Preemergence Herbicide တစ်မျိုးတည်းအသုံးပြုခြင်း

T_3 = Preemergence Herbicide + Hoe or hand weeding (30 DAS)

T_4 = Postemergence Herbicide တစ်မျိုးတည်းအသုံးပြုခြင်း

T_5 = Postemergence Herbicide + Hoe or hand weeding (30 DAS)

T_6 = Hoe weeding or hand weeding တောင်သူနည်းစနစ် အတိုင်း ပေါင်းနှိမ်နင်းခြင်း



မှတ်တမ်းယူသည့်အချက်များ

- ဝါပင်ပေါက်ရက်
- သားခွဲရက်
- အပင်ဖြစ်ထွန်းမှုဆိုင်ရာမှတ်တမ်းများ– အပင်အမြင့်

  (အပိန့်ဝင်ချိန်၊ ပန်းပွင့်ချိန်၊ ဝါသီးစကွဲချိန်၊ ဝါပေါက်ချိန်)
- အဖိုကိုင်းအရေအတွက်၊ အမကိုင်းအရေအတွက်၊ ပထမသီးကိုင်းအမြင့်
- အထွက်မိတ်ဘက်များ– ဝါတစ်ပေါက်အလေးချိန်၊ တစ်ပင်ပျှမ်းမျှသီးလုံး၊ တစ်ပင်ပျှမ်းမျှဝါထွက်၊ တစ်ဧကဝါထွက်နှုန်း
- အပင်ပြုစုခြင်းဆိုင်ရာမှတ်တမ်းများ
- ပိုးမွှားကင်းထောက်ဆိုင်ရာမှတ်တမ်းများ

စမ်းသပ်တွေ့ရှိချက်နှင့်ရလဒ်များ


အပင်ဖြစ်ထွန်းမှုလက္ခဏာမှတ်တမ်းများ


စမ်းသပ်ချက်များ	အပင်အမြင့် (လက္မ)				ပထမသီးကိုင်းအမြင့် (အဆစ်)	အဖိုကိုင်းအရေအတွက်	အမကိုင်းအရေအတွက်
	အပိန့်ဝင်ချိန်	ပန်းပွင့်ချိန်	ဝါသီးစကွဲချိန်	ဝါကောက်ချိန်			
T_1	၅.၈ a	၁၆.၁ b	၂၃.၈ b	၂၉.၂ b	၉.၄	၁.၉	၁၂.၄
T_2	၇.၄ a	၂၁.၉ a	၃၁.၉ a	၃၈.၅ a	၈.၇	၁.၇	၂၄.၁
T_3	၆.၈ a	၂၁.၁ a	၂၉.၉ a	၃၆.၅ a	၈.၀	၂.၉	၂၄.၃
T_4	၆.၀ a	၁၈.၁ b	၂၉.၁ ab	၃၆.၈ a	၈.၃	၁.၇	၂၂.၂
T_5	၆.၃ a	၁၇.၆ b	၂၇.၆ ab	၃၄.၁ ab	၇.၇	၁.၈	၂၄.၀
T_6	၅.၈ a	၁၇.၂ b	၂၈.၅ ab	၃၅.၅ ab	၈.၄	၁.၉	၂၃.၀
LSD 0.05	၂.၀၉၃၂	၂.၈၂၁၆	၅.၄၉၅၄	၇.၃၁၃၉	-	-	-
CV%	၁၈.၅၁	၈.၅၀	၁၁.၇၁	၁၀.၈၅	-	-	-

အထွက်နှုန်း၊ အထွက်မိတ်ဖက်မှတ်တမ်းများ


စမ်းသပ်ချက်များ	ဝါတစ်ပေါက်အလေးချိန် (ဂရမ်)	တစ်ပင်ရှိဝါပေါက်အရေအတွက်	တစ်ပင်၏ဝါအထွက် (ဂရမ်)	တစ်ဧကအထွက်နှုန်းပိသာ/ဧက
T_1	၃.၃၂ b	၅.၈ e	၂၉.၃ c	၉၃.၆၃ c
T_2	၄.၁၀ a	၁၂.၅ cd	၆၁.၂၅ b	၂၀၃.၃၅ b
T_3	၃.၃၅ b	၂၂.၅ a	၈၆.၃၈ a	၄၅၉.၅၇ a
T_4	၃.၂၁ b	၁၀.၃ de	၄၃.၀၆ bc	၂၄၂.၂၅ b
T_5	၃.၉၇ a	၁၉.၁ ab	၈၅.၈၃ a	၄၇၀.၆၃ a
T_6	၃.၃၂ b	၁၆.၄ bc	၆၄.၄၅ ab	၄၆၂.၆၈ a
LSD 0.05	၀.၄၇၄၄	၅.၆၈၄၇	၂၂.၄၀၅	၆၅.၀၀၁
CV%	၇.၄၉	၂၂.၁၄	၂၀.၄၂	၁၁.၃၅

စမ်းသပ်ချက်အလိုက် တစ်ပင်ရှိဝါပေါက်နှင့် တစ်ပင်ရှိဝါထွက်နှုန်းတို့၏ နှိုင်းယှဉ်မှု အခြေအနေ





စမ်းသပ်ချက်အလိုက် တစ်ကေဝါထွက်နှုန်း နှိုင်းယှဉ်မှုအခြေအနေ



ပေါင်းရှင်းကုန်ကျစရိတ် နှင့် ဝါအထွက်နှုန်းများ၏ နှိုင်းယှဉ်ချက်

စမ်းသပ်ချက်များ	တစ်ဧက ပေါင်းရှင်း ကုန်ကျစရိတ် (ကျပ်)	တစ်ဧကဝါအထွက်နှုန်း (ပိဿာ/ဧက)
T_1 (Control)	၀	၉၃.၆၃
T_2 (Pre emergence)	၂၀၀၀၀	၂၀၃.၃၇
T_3 (Pre emergence+ Hand weeding)	၁၃၆၀၀၀	၄၅၉.၅၇
T_4 (Post emergence)	၁၇၅၀၀	၂၄၂.၂၅
T_5 (Post emergence+ Hand weeding)	၁၃၃၅၀၀	၄၇၀.၆၃
T_6 (Only Hand weeding)	၁၅၂၅၀၀	၄၆၂.၆၈

စမ်းသပ်ချက်အလိုက် တစ်ကေပေါင်းရှင်းကုန်ကျစရိတ် အသေးစိတ် တွက်ချက်မှုစာရင်း

စဉ်	စမ်းသပ်ချက်များ	ပေါင်းသတ်ဆေး			လက်ပေါင်းလိုက်ခြင်း					စုစုပေါင်း
		ဆေးဖိုး	ဆေးဖျန်းခ	ပေါင်း	ပ	ဒု	တ	စ	ပေါင်း	
၁	T1	-	-	-	-	-	-	-	-	-
၂	T2	၁၇၀၀၀	၃၀၀၀	၂၀၀၀၀	-	-	-	-	-	၂၀၀၀၀
၃	T3	၁၇၀၀၀	၃၀၀၀	၂၀၀၀၀	၃၅၀၀၀	၄၅၀၀၀	၃၆၀၀၀	-	၁၁၆၀၀၀	၁၃၆၀၀၀
၄	T4	၁၄၅၀၀	၃၀၀၀	၁၇၅၀၀	-	-	-	-	-	၁၇၅၀၀
၅	T5	၁၄၅၀၀	၃၀၀၀	၁၇၅၀၀	၃၅၀၀၀	၄၅၀၀၀	၃၆၀၀၀	-	၁၁၆၀၀၀	၁၃၃၅၀၀
၆	T6	-	-	-	၃၅၀၀၀	၄၅၀၀၀	၃၆၀၀၀	၃၆၅၀၀	၁၅၂၅၀၀	၁၅၂၅၀၀

- ✓ T_1 သည် ပေါင်းရှင်းကုန်ကျစရိတ်မရှိ- ဝါထွက်အနည်းဆုံး
- ✓ T_2 နှင့် T_4 တို့သည် ပေါင်းရှင်းကုန်ကျစရိတ်နည်း ပြီး ဝါအထွက်သည်လည်း နည်းကြောင်းတွေ့
- ✓ T_6 သည် ကုန်ကျစရိတ်အများဆုံး ဖြစ်သော်လည်း ဝါ၏အထွက်အများဆုံးမရရှိ
- ✓ T_3 နှင့် T_5 တို့သည် T_6 (လက်ပေါင်းလိုက်ခြင်း)လောက် ပေါင်းရှင်းကုန်ကျစရိတ် မများသော်လည်း တစ်ဧက ဝါအထွက်နှုန်း- သိသာစွာကွာခြားခြင်းမရှိ



မှတ်တမ်းဓါတ်ပုံများ


ချည်မျိုးဇီဝရူပဗေဒနှစ်စိုက်ခင်း


ဇီဝသီးနှံစိုက်ပျိုးထုတ်လုပ်ရေးတွင် ပေါင်းသတ်ဆေးနှင့်
တွဲဖက်၍ ပေါင်းမြိမ်နှင်းခြင်း၊ ဇီဝထွက်နှုန်းအပေါ်
အကျိုးသက်ရောက်မှုကို လေ့လာခြင်း
စမ်းသပ်ကွက်ပုံစံ – RCB (၆ ထပ် × ၃ လီ)
စမ်းသပ်သည့်မျိုး – ရွှေတောင် – ၈

မှတ်တမ်းဓါတ်ပုံများ



စမ်းသပ်ချက်(၁) T1



စမ်းသပ်ချက်(၂) T2



စမ်းသပ်ချက်(၃) T3



စမ်းသပ်ချက်(၄) T4

မှတ်တမ်းဓါတ်ပုံများ

စမ်းသပ်ချက်(၅) T5



စမ်းသပ်ချက်(၆) T6



အများဆုံးပေါက်ရောက်သည့် ပေါင်းအမျိုးအစားများ

Myanmar Name	English Name	Scientific Name
ဟင်းနုန္ဒယ်ဆူးပေါက်	Spiny amaranth	*Amaranthus spinosus*
မြေဇာမြက်	Bermuda grass	*Cynodon dactylon*
ဆူးခရာ (ကုန်းခရာ)	Mexican poppy	*Argemone mexicana*
လိပ်ရင်ဘတ်	Black pigweed	*Trianthema portulacastrum*
လက်သဲခွမြက်	Southern crabgrass	*Digitaria ciliaris*
ဆူးလေပင်	Goat' head or bullhead	*Tribulus terrstris*
မြေပစ်ပင်	Green Purslane or little hogweed	*Portulaca oleracea*

အများဆုံးကျရောက်သောပေါင်းပင်များ











မြေပဓ်ပင်

(*Portulaca oleracea*)



လိပ်ရင်ဘတ်

(*Trianthema portulacastrum*)



ဆူးလေပင်

(*Tribulus terrstris*)

အသုံးပြုခဲ့သည့် ပေါင်းသတ်ဆေးများ

Pre emergence Herbicide





Postemergence Herbicide

(Selected)



အပင်ပြုစုခြင်းဆိုင်ရာလုပ်ငန်းများ

- ✓ စိုက်ရက် – (၁၆.၃.၂၀၂၀)
- ✓ သားခွဲရက် – (၁၀.၄.၂၀၂၀)
- ✓ ပေါင်းရှင်းခြင်း - **Treatment** အရ

(**Pre T2 + T3** – ပရိုဂိမ်း**(33)EC**၊ ဆေးဝပုံးကို (၁၀၀)CC)

(**Post T4 + T5** – ဖော်ကျွန်း**(10)Ec**၊ ဆေးဝပုံးကို (၅၀)CC)

- ✓ ပိုးသတ်ဆေးဖျန်းခြင်း – (၉)ကြိမ်
- ✓ ကြားထွန်ဝင်ခြင်း – (၈)ကြိမ်
- ✓ ရေသွင်းခြင်း – ဖြည့်စွက်ရေ(၄)ကြိမ်
- ✓ ကောက်သိမ်းခြင်း – (၃)ကြိမ်



အပင်ပြုစုခြင်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ









(၁၀)နှစ်ပျမ်းမျမိုးရေချိန် နှင့် ၂၀၁၉/၂၀၂၀ ခုနှစ် မိုးရွာသွန်းမှု အခြေအနေ

စဉ်	လအမည်	၂၀၁၉ ခုနှစ်		၂၀၂၀ ခုနှစ်		(၁၀) နှစ်ပျမ်းမျှ	
		ရက်	လက်မ	ရက်	လက်မ	ရက်	လက်မ
၁	ဇန်နဝါရီ လ	၂	၂.၃၆	-	-	၁	၀.၀၆
၂	ဖေဖော်ဝါရီ လ	-	-	-	-	၁	၀.၀၇
၃	မတ် လ	၁	၀.၀၈	-	-	၁	၀.၂၂
၄	ဧပြီ လ	၁	၀.၆၇	၂	၀.၅၁	၂	၀.၇၉
၅	မေ လ	၂	၀.၄၇	၈	၅.၉၅	၉	၅.၇၉
၆	ဇွန် လ	၈	၆.၂၇	၅	၃.၉၀	၅	၂.၅၄
၇	ဇူလိုင် လ	၂	၀.၉၉	၄	၁.၉၄	၅	၂.၃၉
၈	သြဂုတ် လ	၁၃	၆.၉၁	၇	၅.၂၁	၇	၂.၃၉
၉	စက်တင်ဘာလ	၅	၂.၁၇	၇	၃.၆၇	၁၀	၆.၈၅
၁၀	အောက်တိုဘာလ	၅	၀.၇၄	၈	၆.၅၂	၈	၈.၀၈
၁၁	နိုဝင်ဘာ လ			၅	၃.၅၁	၂	၁.၄၇
၁၂	ဒီဇင်ဘာ လ					၁	၀.၅၈
	ပေါင်း	၃၉	၂၀.၆၆	၄၆	၃၁.၂၁	၅၂	၃၁.၂၃

သုံးသပ်ချက်နှင့် အကြံပြုတင်ပြချက်များ

- ✓ ပေါင်းသတ်ဆေးကို လက်ပေါင်းလိုက်ခြင်းနှင့် တွဲဘက်အသုံးပြုခြင်း- ဝါထွက်မိတ်ဘက်နှင့် ဝါထွက်နှုန်းကို အကျိုးသက်ရောက်မှုရှိပြီး အမြင့်ဆုံး ဝါထွက်နှုန်းကို ရရှိနိုင် (Hla Hla Myint, 2000)
- ✓ စီးပွားရေးအရ တွက်ချေကိုက်
- ✓ T6 (လက်ပေါင်းလိုက်ခြင်း) - ကုန်ကျစရိတ်အများဆုံး ဖြစ်သော်လည်း အထွက်နှုန်း- T3 , T5 တို့နှင့် သိသာစွာ ကွာခြားမှု မရှိ
- ✓ စမ်းသပ်ချက်အားလုံးနှိုင်းယှဉ်- **T5 (Postemergence+ လက်ပေါင်းလိုက်)**- ကုန်ကျစရိတ် အနည်းဆုံး ၊ အထွက်နှုန်းအများဆုံး → အကျိုးအမြတ် အများဆုံး
- ✓ မိုးအဆက်အပြတ် ရွာသွန်းမှုကြောင့် ပေါင်းစီးနေလျှင်သော်လည်းကောင်း၊ အလုပ်သမား ရှားပါးသောဒေသများ၌ သော်လည်းကောင်း ဝါသီးနှံစိုက်ပျိုး ထုတ်လုပ်ရာတွင် လက်ပေါင်းလိုက်ခြင်းကို Postemergence ပေါင်းသတ်ဆေးနှင့် တွဲဖက်၍ ပေါင်းနှိမ်နင်းသင့်သည်ဟု အကြံပြု တင်ပြအပ်ပါသည်။

ကျမ်းကိုးစာရင်း

- DOA (Department of Agriculture), 2015. Practices to Develop Seed Cotton Yield. 19p.
- Hla Hla Myint, 2000. Effect of Different Combinations of Herbicides and Hoe Weeding on Weed Growth and Seed Cotton Yield. M.Agr.Sc. Thesis, YAU. Myanmar. 64p.
- Khin Mar Oo, 2002. The Critical Period for Cotton-Weed Competition in Post Monsoon Season. M.Agr.Sc. Thesis, YAU. Myanmar. 73p.

ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်

- ပိုမိုတိကျ ခိုင်မာသော အဖြေများ ရရှိရန် ဆက်လက်စမ်းသပ်ဆောင်ရွက်သင့်
- ခိုင်မာသောအဖြေများ ရရှိပါက ဝါစိုက်တောင်သူများအား နည်းပညာများ ဖြန့်ဝေခြင်းဆောင်ရွက်

ကျေးဇူးတင်ပါသည်



စမ်းသပ်ချက်များ	တစ်ကေ ပေါင်းရှင်း ကုန်ကျစရိတ် (ကျပ်)	တစ်ကေ ဝါအထွက်နှုန်း (ပိဿာ/ကေ)	တစ်ကေ ဝင်ငွေ (ကျပ်)
T_1 (Control)	၀	၉၃.၆၃	၁၂၁၇၁၉
T_2 (Pre emergence)	၂၀၀၀၀	၂၀၃.၃၇	၂၆၄၃၈၁
T_3 (Pre emergence+ Hand weeding)	၁၃၆၀၀၀	၄၅၉.၅၇	၅၉၇၄၄၁
T_4 (Post emergence)	၁၇၅၀၀	၂၄၂.၂၅	၃၁၄၉၂၅
T_5 (Post emergence+ Hand weeding)	၁၃၃၅၀၀	၄၇၀.၆၃	၆၁၁၈၁၉
T_6 (Only Hand weeding)	၁၅၂၅၀၀	၄၆၂.၆၈	၆၀၁၄၈၄

(Pre) Pro-gain (33EC)
AI-Pendimithalin 33%

- ✓ Selective Herbicide , Systemic action.
- ✓ Annual weed,ရွက်ပြန့်ပေါင်းနှင့်မြက်မျိုးရင်း
- ✓ သီးနှံမစိုက်ခင်နှင့် စိုက်ပြီးမပေါက်ခင်ဖျန်းနိုင်
- ✓ နှုန်းထား (၁၀၀CC/ဆေးဘုံး)
- ✓ ဆေးဘလီတာ-၉၀၀၀ကျပ်

(Post) Fortune (10EC)
AI-Quizalofop-p-ethyl 10%

- ➢ Selective Herbicide , Systemic action.
- ➢ Annual/Perennial weeds
- ➢ ပေါင်းအားလုံးကိုနိမ်နှင်းနိုင်(မြေဇာပေါင်း)
- ➢ ပေါင်းပင်ငယ်စဉ်ကနေအပင်ကြီးသည်ထိသုံး
- ➢ အပင်လောင်ကျွမ်းမှုမရှိ
- ➢ နှုန်းထား (၅၀CC/ဆေးဘုံး)
- ➢ ဆေးဘလီတာ-၂၀၀၀၀ကျပ်

- သဘာဝအားဖြင့်ပေါင်းအများစုဟာ C4 Plant များဖြစ်ပြီး သီးနှံပင်အများစုက C3 Plant ဖြစ်၍ပေါင်းမြက်နှင့်ယှဉ်ပြိုင်ကြီးထွားမှုအားနည်း
- Annual/Biennial Weeds တွေကအစေ့ဖြင့်သာမျိုးပွားနိုင်၊ Perennial အစေ့နှင့်အပင်ပိုင်းအင်္ဂါအစိတ်အပိုင်းများဖြင့်မျိုးပွား
- စပါးနှင့်ပေါင်းယှဉ်ပြိုင်ကာလ(စိုက်ပြီး ၂၀-၃၀ရက်)၊ ဝါနှင့်ပေါင်းယှဉ်ပြိုင်ကာလ အစောပိုင်းကာလ(၂)လသား

Treatment	ပေါင်းရှင်းခ	သားခွဲ	ကြားထွန်	ရေသွင်း	ပိုးသတ်ဆေးဖျန်း	ဝါကောက်ခ	သင့်ငွေ
T1	-	၃၀၀၀	၃၂၀၀၀	၂၀၀၀၀	၆၁၂၅၀	၂၈၃၈၉	၁၄၄၆၃၉
T2	၂၀၀၀၀	၃၀၀၀	၃၂၀၀၀	၂၀၀၀၀	၆၁၂၅၀	၆၁၀၁၁	၁၉၇၂၆၁
T3	၁၃၆၀၀၀	၃၀၀၀	၃၂၀၀၀	၂၀၀၀၀	၆၁၂၅၀	၁၃၇၈၇၁	၃၉၀၁၂၁
T4	၁၇၅၀၀	၃၀၀၀	၃၂၀၀၀	၂၀၀၀၀	၆၁၂၅၀	၇၂၆၇၅	၂၀၆၄၂၅
T5	၁၃၃၅၀၀	၃၀၀၀	၃၂၀၀၀	၂၀၀၀၀	၆၁၂၅၀	၁၄၁၁၈၉	၃၉၀၉၃၉
T6	၁၅၂၅၀၀	၃၀၀၀	၃၂၀၀၀	၂၀၀၀၀	၆၁၂၅၀	၁၃၈၀၄	၄၀၇၅၅၄

Treatment	သင့်ငွေ	ရငွေ	အမြင်္	
T1	၁၄၄၆၃၉	၁၂၁၇၁၉	၂၂၉၂၀	(-)
T2	၁၉၇၂၆၁	၂၆၄၃၈၁	၆၇၁၂၀	(+)
T3	၃၉၀၁၂၁	၅၉၇၄၄၁	၂၀၇၃၂၀	(+)
T4	၂၀၆၄၂၅	၃၁၄၉၂၅	၁၀၈၅၀၀	(+)
T5	၃၉၀၉၃၉	၆၁၁၈၁၉	၂၂၀၈၈၀	(+)
T6	၄၀၇၅၅၄	၆၀၁၄၈၄	၁၉၃၉၃၀	(+)